မတ္ထလုင်္ဂ – ဦးခေါင်းခွံတွင်း မိုဖြူဆင်းသို့ ရှိရင်းဦးဆက် လေးခဏ်းထက်ဝယ် မုံ့ညက်ဆိုင်အတု ဦးနှောက် အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လား လား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

ပိတ္တံ – မယ်ဇယ်ဆီနဲ ပြစ်ချွဲချွဲနှင့် အသဲကိုမှီ အိမ်၌တည်သော ဗဒ္ဓသည်းခြေ, ရေတွင်ဆီများ ပြန့်နှံ့သွားသို့ ကိုယ် သားကိုယ်ရေ အနှံ့ နေလျက် ဝါရွှေညိုးနွမ်း ပျဉ်းပွင့် ပန်းအတု အဗဒ္ဓသည်းခြေ အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ် ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

**အထက်ပိုင်းမှာ** တည်ရှိ၍ **အစာဟောင်းက အောက်ပိုင်းမှာ** တည်ရှိလေသည်။

**ဦးနှောက်။** ။အရိုးအတွင်း၌ "အဋ္ဌိမိဉ္ဇ=ရိုးတွင်းခြင်ဆီ" ရှိသကဲ့သို့ ဦးခေါင်းခွံရိုး အတွင်းမှာလည်း ခြင်ဆီအများစုလျက် ရှိ၏၊ ထိုခြင်ဆီအစုကိုပင် "ဦးနှောက်" ဟု ခေါ်သည်၊ အဆင်းမှာ မိုဖြူအဆင်းကဲ့သို့ ဖြူ၏၊ ဦးခေါင်းခွံ အတွင်း၌ ဦးခေါင်းခွံအဆက် ၄-ခုကို မှီ၍ ပေါင်းစုတည်နေ ရကား မုံ့ညက်အခဲ ၄-ခုနှင့် သဏ္ဌာန်တူ၏။

**သည်းခြေ။** ။ဗဒ္ဓ သည်းခြေ, အဗဒ္ဓသည်းခြေဟု ၂-မျိုး ရှိ၏၊ အိမ်ဖြင့်ဖွဲ့ထားအပ်သော **သည်း**ခြေကို "ဗဒ္ဓသည်းခြေ" ခေါ်၏၊ နှလုံးသားနှင့် **အဆုပ်**တို့၏ အကြား၌ အသည်းကို မှီ၍ တည်သော "သည်းခြေအိမ်" ရှိ၏၊ ခဝဲသီး